# ခြင်မှ တဆင့် ကူးစက်နိုင်သော ရောဂါများ

## ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ

**အဖြစ်များသော ရောဂါလက္ခဏာများ**



ငှက်ဖျားရောဂါဟု သံသယဖြစ်ပါက
၂၄ နာရီအတွင်း နီးစပ်ရာ
ကျန်းမာရေးဌာနတွင် သွေးဖောက်
စစ်ဆေးကုသမှုခံယူပါ။



ကိုယ်ပူခြင်း
ချမ်းတုန်ဖျားခြင်း
ခေါင်းကိုက်ခြင်း
အစားပျက်ခြင်း
ကြွက်သားနှင့်အဆစ် နာကျင်ခြင်း
ဗိုက်အောင့်ခြင်း


## ဘယ်လိုကာကွယ်ကြမလဲ

**ခြင်မပေါက်ပွားစေရန်**



ပတ်ဝန်းကျင်သန့်ရှင်းပါ၊ အိုးများကိုသေချာဖုံးအုပ်ထားပါ၊
ပိုးလောက်လန်းမပေါက်ပွားစေရန်ဆောင်ရွက်ပါ။

**ခြင်ကိုက်မခံရစေရန်**



ခြင်ထောင်ဖြင့်အိပ်ပါ
အင်္ကျီလက်ရှည် ဘောင်းဘီရှည် ဝတ်ဆင်ပါ
ခြင်ပြေးဆေး လိမ်းပါ

**အိမ်တွင်းခြင်နှိမ်နင်းရန်**



ခြင်ဆေးဖြန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပါ။

## ပြင်းထန်သော ရောဂါလက္ခဏာများနှင့် လူနာအချိန်မီလွှဲပြောင်းပေးပို့ခြင်း

ပြင်းထန် သွေးလွန်တုပ်ကွေးလက္ခဏာများ
- ပြင်းထန်စွာ ဗိုက်အောင့်ခြင်း (သို့) ပျို့အန်ခြင်း
- နှာခေါင်း (သို့) သွားဖုံးမှသွေးထွက်ခြင်း ၊ သွေးအန်ခြင်း၊ ဝမ်းအမဲ သွားခြင်း
- မှိန်းခြင်း ၊ ဖြူဖတ်ဖြူရော်ခြင်း၊ အရေပြားများ အေးစက်ခြင်း ၊ အသက်ရှူရခက်ခဲခြင်း

ပြင်းထန်သောငှက်ဖျားရောဂါသည်
- တက်ခြင်း၊
- စိတ်ရှုပ်ထွေးခြင်းနှင့်
- သတိလစ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

ပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကုသမှု ခံယူသင့်ပါသည်။



World Health Organization
Myanmar

World Health Organization
Myanmar

# မိုးတွင်းကာလမှာ ကျန်းကျန်းမာမာနေကြမယ်

- ရေ နှင့် အစားအစာ မသန့်ရှင်းမှုကြောင့် ကူးစက်နိုင်သော ရောဂါများ
- အသက်ရှူလမ်းကြောင်း မှတဆင့် ကူးစက်နိုင်သော ရောဂါများ
- ခြင် မှတဆင့် ကူးစက်နိုင်သော ရောဂါများ

ကာကွယ်နည်း၊ ပြုစုကုသနည်း နှင့် အချိန်မီ လွှဲပြောင်းခြင်း






# ရေ နှင့် အစားအစာ မသန့်ရှင်းမှုကြောင့် ကူးစက်နိုင်သော ရောဂါများ

**ကာလဝမ်း အပါအဝင် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အသည်းရောင် အသားဝါ အေ စသည့်ရောဂါများ..**

**အဖြစ်များသော ရောဂါလက္ခဏာများ**

**အသည်းရောင် အသားဝါ အေ ပိုး ကူးစက်ခံရသူများတွင်**



အန်ခြင်း

ရှုတ်တရက် အရည်ဝမ်းလျှောခြင်း


ဗိုက်အောင့်ခြင်း

အသား/မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း

**ပြင်းထန်သော ရောဂါလက္ခဏာများ**

- အလွန်အမင်းအန်ခြင်း အရည်ဝမ်း ကြိမ်ဖန်များစွာ သွားခြင်း
- ရေမသောက်နိုင်ခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- မှိန်းနေခြင်း/သတိလစ်ခြင်း

## ဘယ်လိုကာကွယ်ကြမလဲ




- သန့်ရှင်းသော ရေကိုသာသောက်ပါ။
- အစားအစာ ချက်ပြုတ်ပြင်ဆင်ရာတွင် သန့်ရှင်းသောရေကိုသုံးပါ။

- အစားအစာများကို ကျက်အောင်ချက်ပါ၊ ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ချက်ချင်းစားပါ။

- ဆပ်ပြာနှင့် ရေဖြင့် လက်ကို မကြာခဏ ဆေးကြောပါ။

## ပြုစုကုသပေးခြင်းနှင့် လူနာအချိန်မီလွှဲပြောင်းပေးပို့ခြင်း

- အရည်များများသောက်ကာ ရေဓာတ်ပြည့်ဝအောင်နေပါ။
- လိုအပ်ပါက ဓာတ်ဆားရည် သောက်ပါ။



ပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူသင့်ပါသည်။



World Health Organization
Myanmar

# အသက်ရှုလမ်းကြောင်း မှတဆင့် ကူးစက်နိုင်သော ရောဂါများ

ကိုဗစ် ၊ ရာသီတုပ်ကွေးနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများ

COVID-19

**အဖြစ်များသော ရောဂါလက္ခဏာများ**



ဖျားခြင်း

နှာရည်ယိုခြင်း၊ နှာချေခြင်း၊

ချောင်းဆိုးခြင်း

လည်ချောင်းနာခြင်း

**ပြင်းထန်သော ရောဂါလက္ခဏာများ**

- အသက်ရှုရခက်ခဲခြင်း
- စိတ်ရှုပ်ထွေးခြင်း (သို့) သတိလစ်ခြင်း
- အဆက်မပြတ် ရင်ဘတ်အောင့်ခြင်း

## ဘယ်လိုကာကွယ်ကြမလဲ



လူထူထပ်သော နေရာများ ရှောင်ပါ ။

နေမကောင်းဖြစ်ပါက နှာခေါင်းစည်းတပ်ပါ။

ဆပ်ပြာနှင့်ရေဖြင့် လက်ကို မကြာခဏ ဆေးကြောပါ။ (သို့) လက်သန့်ဆေးရည် သုံးပါ။

ချောင်းဆိုး၊နှာချေသည့်အခါ ပါးစပ်နှင့်နှာခေါင်းကို အုပ်ပါ။

အသုံးပြုပြီးသော တစ်ရှူးများကို စွန့်ပစ်ပြီး လက်ကို သန့်စင်ပါ။

## ပြုစုကုသပေးခြင်းနှင့် လူနာအချိန်မီလွှဲပြောင်းပေးပို့ခြင်း

ဖျားခြင်း၊ ချောင်းဆိုး၊ နှာချေခြင်းစသော လက္ခဏာများကို ကုသပါ။ အနားယူပါ၊ အာဟာရပြည့်ဝသော အစားအစာများစားပါ၊ ရေများများ သောက်ပါ။




ပြင်းထန်သော ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ကုသမှု ခံယူသင့်ပါသည်။



World Health Organization
Myanmar